www.burmeseclassic.com

# အချစ်မီးနှင့် ပင်လယ်ရေ

BURMESE CLASSIC .com

သာဂရ ငြိုး

(အို...တောင်ညိုတစ်ခွင်၊ ပြည်ရှင်နတ်များ၊ အို... တောင်ညိုတစ်ခွင် ပြည်ရှင်နတ်များ။ အိုး... တောင်ညို တစ်ခွင်၊ ပြည်ရှင်နတ်များ– တစ်ခွန်းခေါ်လည်း နားတော်မကြား၊ နှစ်ခွန်းခေါ်လည်း နားတော်မကြား၊ သုံးခွန်းခေါ်မှ နားတော်ကြားသည့် ရှင်နတ်များ– တပည့်လက်သား ကျွန်တော်များက၊ စားပွဲသောက်ပွဲ ဆက်သပါသည်။ ကျွန်တော်များ ရေလမ်းခရီး သွားလေရာရာ၊ ဘေးရန်မခအောင် လိုက်ပါစောင့်ရှောက်တော်မူပါ ရှင်နတ်များ။)

ပင်လယ်တံငါနတ်ပင့်

* * *

[ ၁ ]

ပင်လယ်ထဲသို့ နီရဲသောနေလုံးကြီး ဆင်းအံ့ဆဲဆဲ အခါတွင် ဆင်ဖြူပြင်ရွာကလေး၏နောက်၌ရှိသော တောင်ညိုတောင်တန်းကြီးမှာ၊ ခရမ်းရောင် တောက်ပနေသည်ဖြစ်၍ ပြာလဲ့လဲ့ကောင်းကင်ပြင်နှင့် ပနံရလျက်၊ စိတ်ကြည်နူးစရာဖြစ်၏။ ပင်လယ်တံငါသည်များ၏ မယားများမှာလည်း ထဘီတိုတိုကို ရင်ရှားဝတ်လျက်၊ တစ်ခါတစ်ခါ၌ လွမ်းဆွတ်ကြေကွဲဖွယ်ရာ တေးသီချင်းများကို ဆိုကြလျက် တစ်ခါတစ်ခါ၌လည်း မြူးထူး ပျော်ရွှင်ဖွယ်ကောင်းသော တေးသီချင်းများကို ဆိုရင်း၊ ပိုက်ကွန်များကို ပင်လယ်ကမ်းတစ်လျှောက်လှမ်းလျက် ရှိကြလေသည်။

ဆင်ဖြူပြင်ရွာကလေးမှာ နွေအခါ၌ ပိုမို၍သာယာလှပသည်ဖြစ်၍ ပင်လယ်မျက်နှာပြင်မှာလည်း၊ ရေကန်ထဲမှ ရေပြင်ကဲ့သို့ စိမ်းလဲ့လဲ့နှင့် ငြိမ်ဝပ်နေသည့်အပြင်၊ လေပြေလေညင်းများကလည်း ဣန္ဒြေရရ ငြိမ့်ညောင်းစွာ တိုက်ခတ်နေ၏။ မြို့ပေါ်မှ ကြေးငွေကြွယ်ဝ ချမ်းသာသူများ၊ မင်းစိုးရာဇာများမှာလည်း အလုပ်ခွင်များမှ အနားယူကြပြီးလျှင်၊ လေပြေလေညင်းခံရန် လာရောက်ကြလေ၏။ ထိုအခါများ၌ မင်းစိုးရာဇာသူဌေးသူကြွယ်တို့ တည်းခိုနေထိုင်ရန် တဲများနှင့် ဆင်ဖြူပြင် တံငါရွာကလေးမှာ တစ်ဆက်တည်း ဖြစ်ပြီးသွားလျှင်၊ ပင်လယ်ကမ်းခြေ မြို့ကလေးတစ်မြို့ကဲ့သို့ သိုက်မြိုက်စည်ကားစွာ ရှိခဲ့လေ၏။

နွေဥတုကုန်၍ မိုးဥတုရောက်လာသောအခါ၌ကား ပင်လယ်ပြင်၌ လှိုင်းလေပြင်းထန်လာပြီးလျှင် သဲသောင်များပေါ်တွင်လည်း သစ်ခက်၊ သစ်ရွက်၊ အမှိုက်သရိုက်များဖြင့် ရှုပ်ထွေးနေသည်သာမက တံငါရွာကလေးမှာလည်း တေးသီချင်းသံများ ကင်းမဲ့ကာနှင့် ခြောက်သွေ့လျက် ရှိတော့သည်။

တကယ်ဆိုသော် ဆင်ဖြူပြင်ရွာကလေးမှာ ပင်လယ်တံငါရွာကလေးသာလျှင် ဖြစ်ရာ၊ ပင်လယ်ကမ်းခြေ တစ်ဝိုက် ငါးဖမ်းသော တံငါတိုင်းပင် ထိုရွာကလေးတွင် တဲထိုး၍ နေထိုင်ကြပြီးလျှင် လှိုင်းလေကြား၌ အသက်ဆံဖျားစွန့်၍ ပင်ပန်းနွမ်းနယ်စွာ အလုပ်ဆင်းကြရပြီးနောက် ထိုတဲကလေးများသို့ ပြန်ကာ သားမယားများ အလယ်တွင် အမောဖြေရင်း နှစ်သိမ့်ခဲ့ကြလေ၏။ အချို့သော တံငါသည်များမှာ ထိုသို့ နှစ်ရှည်ကြာမြင့်စွာ ဒုက္ခခံစားလာခဲ့ရသည်ကို ငြီးငွေ့လာပြီးလျှင် တစ်ခါတည်း ရွှေငွေစုမိကြောင်း

www.burmeseclassic.com

www.burmeseclassic.com



စေရန် တစ်ရပ်တစ်ကျေးသို့ လွင့်သော ရွက်လှေကြီးများတွင် လှေသားအဖြစ်နှင့် လိုက်ပါကြလေသည်။ သို့ရာတွင် ထိုသို့ ရပ်ရွာအိုးအိမ်သားမယားကို ပစ်ထားခဲ့၍ စီးပွားရှာ မသွားမီ တောင်ညိုတောင်ခြေရင်းရှိ တောင်ညိုနတ်ကွန်းသို့ သွားရောက်ကြပြီးလျှင် တောင်ညိုသခင် ပြည်ရှင်နတ်များအား ရွှေငွေစုဆောင်းမိ၍ ရွာပြန်ရောက်သောအခါ နတ်ကွန်း ပြင်ပါမည် ဖောင်းတော်ဆက်ပါမည် စသည်ဖြင့် ကတိပြု၍ ဆုတောင်းပသသော အလေ့အထ ရှိကြ၏။

တောင်ညိုနတ်ကွန်းနှင့် ပတ်သက်၍ ထူးခြားသော အကြောင်းတစ်ရပ်မှာ တစ်နေ့သ၌ တောင်ညိုနတ်ကွန်းရှိ နတ်ရုပ်မှ ညာလက်တစ်ဖက်သည် ပျောက်သွားခဲ့သည်။ မည်သို့မည်ပုံ ဖြစ်ပျက်သည်ကို တစ်ရွာလုံးမည်သူမျှ မသိချေ။ ပင်လယ်သို့ ငါးဖမ်းထွက်မည့် တံငါသည်များသည် တောင်ညိုနတ်ကွန်းသို့ သွား၍ မီးထွန်းကြသည် ဖြစ်ရာ တစ်ယောက်မဟုတ်လျှင် အခြားတစ်ယောက်က သွား၍ မီးထွန်းသည်။ နတ်ကွန်း၌ ညနေတိုင်းပင် ဖယောင်းတိုင် မီးလင်းနေခဲ့သည်။ ထိုနေ့နံနက် မြို့ဘက်သို့ သွားမည့် တံငါသည်တစ်ဦးသည် တောင်ညိုနတ်ကွန်းသို့ ဝင်၍ ကန်တော့သောအခါ နတ်ရုပ်တွင် ညာလက်တစ်ဖက် မရှိသည်ကို တွေ့ရတော့သည်။ ထိုတံငါသည်မှာ ထိတ်လန့်ကြောက်ရွံ့၍ ရွာသို့ပြန်ကာ အကျိုးအကြောင်း ပြောပြရာမှ တစ်ရွာလုံးသို့ သတင်းပြန့်နှံ့သွားလေသည်။

တောင်ညိုနတ်မှာ အဓိကရနတ်ဖြစ်သည့်ပြင် အမှားအယွင်း အနည်းအကျဉ်းပြုမိသည်နှင့်ပင် တစ်ခါတစ်ရံ တစ်ရွာလုံးကို ဒုက္ခပေးတတ်သဖြင့် တံငါသည်များမှာ စကားကိုပင် ကျယ်ကျယ်မပြောဝံ့တော့ဘဲ ကြောက်ရွံ့နေကြတော့သည်။ ရပ်ရွာရှိ အဘိုးအို အဘွားအိုများမှာ နတ်ကွန်းသို့ သွားရောက်လျက် တစ်စုံတစ်ယောက်၏ မိုက်မှားမှုဖြစ်လျှင် ထိုသူအားသာလျှင် အထိုက်အလျောက် အပြစ်ပေး၍ တစ်ရွာလုံးအား သိမ်းကျုံး၍ အပြစ်မပေးပါရန် တောင်ညိုနတ်ကို တောင်းပန်ကြလေ၏။

"ဘယ်သူကမှ ဒီလိုလုပ်ရဲမယ် မထင်ပါဘူးအေ။ တစ်ခုခုအလိုမကျတာ ရှိလို့ပဲ တို့သိအောင် ပြတာနဲ့တူပါတယ်" ဟု အဘွားအိုတစ်ဦးက ပြောလေသည်။

"မဟုတ်နိုင်ပါဘူးဗျာ၊ တစ်ယောက်ယောက်က ဖြုတ်ပြီးတော့ ရေထဲပစ်ချလိုက်တာနဲ့ပဲတူပါတယ်။ တစ်ရွာလုံး ဒုက္ခဖြစ်ကုန်အောင် လုပ်တာဗျ။ ဒုက္ခဖြစ်ကုန်အောင် လုပ်တာ" အဘိုးအိုတစ်ဦးက ဆိုပြန်သည်။

"အဘိုးအိုကလည်း ရေထဲပစ်ချရင် ကျွန်မတို့ တွေ့မှာပေါ့"

မိန်းမငယ်တစ်ဦးက ဝင်ပြော၏။

"နင်တို့ ဘာသိလို့လဲဟ။ ရေထဲပစ်ချတယ် ဆိုကတည်းက တစ်နေရာကို မျောသွားတော့မှာပေါ့"

"ဒီလိုသာဆို ကျွန်တော်တို့တော့ လှေမထွက်ဝံ့တော့ဘူး။ ကံနိမ့်တဲ့ တစ်နေ့ ကျွန်တော်တို့ ပင်လယ်မှာ လှိုင်းလေမိပြီးသေမှာ အဘရဲ့"

"တော်ပါတော့၊ ဟော့–မပြောကောင်းပြောကောင်းတာတွေ ပြောမိတော့ ဒုက္ခရောက်ကုန်ကြပါလိမ့်မယ်"

နောက်တစ်နေ့ ပင်လယ်တွင် လေပြင်းမုန်တိုင်း ကျလေရာ တံငါလှေများမှာ ပင်လယ်သို့ မထွက်ရဲကြတော့ချေ။ လှိုင်းတံပိုးကြီးများ ပုတ်ခတ်၍ ကမ်းပေါ်သို့ ရောက်လာသော သစ်တုံးကြီးများ၊ သစ်ခက်များ၊ ပင်လယ်ရေမြှုပ်များကို လိုက်လံ၍ သဲသောင်ပြင်တွင် ကောက်ယူ ကြလေ၏။ ထို့နောက် ထိုသစ်ခက်၊ သစ်တုံးများကို အရက်ချက်သော ဦးလွန်းပြေ၏ တဲအနီးတွင် စုပုံ၍ နေလှန်းထားရာ ဦးလွန်းပြေကလည်း အရက်ချက်ရန် ထင်းအတွက်ဆို၍ သစ်ခက်သစ်တုံးအများကိုပင် တန်ရာတန်ဖိုးပေး၍ ဝယ်လိုက်သေး၏။

နောက်–ရက်ပေါင်း အတော်ကြာသောအခါ ဦးလွန်းပြေသည် သူ့ထံ၌ ကူဖော်လောင်ဖက် ငှားရမ်းထားသော သူငယ်ကလေးတစ်ဦးအား မဟုတ်တမ်းတရမ်း ပြောဆိုသည်ဆို၍ နှင်ထုတ်လိုက်လေသည်။ ထိုသူငယ်က အရက်ဖိုတွင် တစ္ဆေခြောက်သည်ဟု ပြောသည်။

"ခွေးမသား... လူပါးဝလို့၊ ငါ့အရက်ဖိုမှာ တစ္ဆေခြောက်တယ်လို့ မင်းကပြောရတာ မင်းက ငါ့ထမင်းအိုးကို ရိုက်ခွဲတာလား။ ငါ့အရက်ဖိုဟာ အင်မတန် လာဘ်လာဘရှင်တာကွ။ ဒီအရက်ဖိုမှာချက်တဲ့ အရက်ဆိုရင် ဒီနယ်မှာ ထိပ်တန်းဆွဲနေတယ်ဆိုတာ မင်းသိတယ်မဟုတ်လား" ဦးလွန်းပြေသည် မျက်နှာနီမြန်းလျက် ဒေါသကြီးကြီးနှင့် ပြောလေ၏။

"တကယ့်ကို တစ္ဆေခြောက်တာမို့ ကျွန်တော် ပြောတာ ကျွန်တော် မဟုတ်တာမပြောပါဘူး ဘကြီးရဲ့။ ကနေ့

www.burmeseclassic.com



မနက်ပဲ မီးဖိုထဲကို ကျွန်တော် ထင်းသွားထည့်တော့ ထင်းထည့်သွင်းတိုင်း မီးဖိုထဲက ထင်းတုံး ပြန်ပြီးခုန်ထွက်လာတာဗျ။ နောက်ပြီး ကျွန်တော့လက်ကိုလည်း မီးဟပ်လိုက်သေးတယ်။ ဒါနဲ့ ထင်းတုံးကိုချပြီးတော့ ကျွန်တော်လည်း မီးဖိုနားကို မသွားဝံ့တော့ဘူး ဘုရားစူးရပါစေ့၊ ကျွန်တော် မှန်တာကိုပြောပါတယ်"ဟု သူငယ်ကလေးက ပြန်ပြောလေသည်။

ဦးလွန်းပြေသည် နောက်ထပ် သူငယ်ကလေးတစ်ဦးကို ငှားပြန်သည်။ သုံးရက်ခန့်ကြာသောအခါ သူငယ်ကလေးသည် ငိုလျက် သူ့ထံသို့ ရောက်လာပြီးလျှင် တိုင်ပြန်သည်။ လက်မှာလည်း မီးလောင်ထား၍ ညိုမည်းနေသည်။ ထိုသူငယ်ကလေးကလည်း မီးဖိုနားသို့ နောက်တစ်ကြိမ်မသွားဝံ့တော့ကြောင်းနှင့် ပြောလေသည်။ သူငယ်ကလေးက မီးဖိုထဲသို့ထင်းထည့်သောအခါတိုင်း ထင်းများသည် ခုန်၍ပြန်ထွက်လာပြီးလျှင် သူ့လက်ကို မီးတောက်မီးလျှံများက ဝင်ဟပ်သွားကြောင်း ပြောပြန်သည်။

"ခက်တာပဲ၊ ခက်တာပဲ၊ ဒီလိုသာဆို ခက်တော့မှာပဲကွ၊ ဒီအရက်ဖိုမှာသာ သရဲခြောက်နေတယ်ဆိုရင် ငါ့အရက်ကို ဘယ်သူသောက်ဝံ့တော့မှာလဲ။ ဒီလိုဆိုရင် ငါ ဘယ်သူ့ဆီက ပိုက်ဆံရတော့မှာလဲ။ ဒီသတင်းသာ တစ်ရွာလုံးနှံ့သွားရင် ခက်တော့မှာပဲ"ဦးလွန်းပြေသည် ညည်းညူနေတော့သည်။

"ကဲကွာ ဒီလောက်တောင်ဖြစ်ရတာ တစ်ရွာလုံး ခေါ်ပြီးတော့ ငါကိုယ်တိုင် မီးဖိုထဲ ထင်းထည့်ပြမယ်ကွာ"

သို့ဖြင့် ဦးလွန်းပြေသည် မိမိစိတ်တွင်း သံသယကင်းစေရန်နှင့်စုံစမ်းရန် အရက်ဖိုသို့လာနေကျ ကာလသားများ၊ ရပ်ရွာလူကြီးများအား အရက်ဖိုသို့ ဖိတ်ခေါ်လေသည်။ သတင်းသိုးသိုးသန့်သန့် ကြား၍ စိတ်ဝင်စားနေသူများသည်လည်း ဦးလွန်းပြေ၏ အရက်ဖိုသို့ ဝိုင်းအုံရောက်လာကြလေသည်။

"ကဲ မောင်ရင်တို့ပဲ သေသေချာချာ ကြည့်ကြပါတော့ကွယ်၊ ကျုပ်အရက်ဖိုမှာ သရဲခြောက်တယ်ဆိုတာ သက်သက် ကျုပ်အရက်ဖိုကို နာမည်ဖျက်ချင်ကြလို့ ပြောကြတာကွ"

ဦးလွန်းပြေသည် ထင်းပုံမှထင်းတစ်ပွေ့ကို ယူ၍ မီးဖိုထဲသို့ ပစ်သွင်းလိုက်လေသည်။ ထင်းများကို မီးစွဲလောင်၍ မီးဟုန်းဟုန်းတောက်နေရာ ဦးလွန်းပြေသည် ပြုံးလျက် လာရောက်သော ပရိသတ်များအား ကြည့်လေ၏။

ထိုနောက် ထင်းတစ်ပွေ့ကို ယူပြန်လျက် မီးဖိုထဲသို့ နောက်တစ်ကြိမ် ပစ်သွင်းလိုက်လေသည်။ ထိုအကြိမ်၌ မီးရဲနေသော ထင်းတုံးကြီးတစ်တုံးသည် မီးဖိုထဲမှ ခုန်ထွက်လာလေသည်။ ဦးလွန်းပြေ၏ လက်နှင့်တကွ အနီးတွင် ကပ်၍ ကြည့်နေသူအချို့၏ မျက်နှာများကိုလည်း မီးလျှံဟပ်၍ လောင်သွားလေသည်။

ထိုအခါ ရုတ်ရုတ်ရက်ရက်ဖြစ်သွားပြီးလျှင် ထပြေးကြသည်။ အတော်အတန်အသက်အရွယ်ကြီးသောလူကြီးတစ်ဦးသည်သာ ခုန်ထွက်လာသောထင်းတုံးကြီးကိုကြည့်လျက် ရေအိုးမှ ရေတစ်ခွက်ငှဲ့ယူပြီးလျှင် မီးငြိမ်းရန် ဖျန်းလိုက်သည်။ ထိုထင်းတုံးမှာ တောင်ညိုနတ်ရုပ်မှ ပျောက်သွားသောလက်ဖြစ်နေသည်။ သို့နှင့် ဦးလွန်းပြေ၏ အရက်ဖိုသို့ တစ်ရွာလုံး အုံးအုံးကြွက်ကြွက် ရောက်လာကြပြီးလျှင် ကန်တော့ကြသည်။ ထိုမျှသာမဟုတ်သေး အခြားရွာမှလည်း လာရောက်ကန်တော့ကြရာ ဆင်ဖြူပြင်ရွာကလေးမှာ စည်ကားလျက်ရှိတော့သည်။

ထိုနောက် သစ်သားလက်ပြတ်ကြီးကို အမွှေးနံ့သာ ထုံ၍ နတ်ကွန်းသို့ ယူသွားပြီးလျှင် ပြန်၍တပ်လိုက်ကြလေသည်။ အသက်ဆံဖျား စွန့်စားသွားရတော့မည့်အရေးနှင့် ကြုံလာကြသော တံငါသည်များသည် နတ်ကွန်းသို့ သွားရောက်ကာ နတ်ပင့်သံကို ဆိုလျက် ဆုတောင်းကြလေသည်။

* * *

[၂]

ဆင်ဖြူပြင်ရွာကလေး၌ တံငါသည် မြဖေ၏မိခင် ဒေါ်ဖွားသီအား အသက် ၄၀ ခန့်သာ ရှိလိမ့်ဦးမည်ဟု အများက ထင်မှတ်နေကြသည်။ အကယ်၍ ဒေါ်ဖွားသီ၏ မွေးနေ့သက္ကရာဇ်ကို ဖွားသေစာရင်း၌လည်းကောင်း၊ ဇာတာ၌လည်းကောင်း၊ မြင်မိကြ၍ အသက် ၅၂ နှစ် ဖြစ်ကြောင်းကိုသာ သိကြလျှင် မည်သူကမျှ ယုံကြည်ကြမည် မဟုတ်ချေ။ ယုံကြည်နိုင်ဖွယ်ရာလည်း မရှိသဖြင့် အများထင်သည့်အတိုင်း အမှန်ယူဆရမည်ကဲ့သို့ဖြစ်နေ၏။ မိန်းမတစ်ဦးတစ်ယောက်အား ပုံပန်းသဏ္ဌာန် ရုပ်ဆင်းအင်္ဂါ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အသက်ကို ခန့်မှန်းယူရာ၌ ယုတ္တိယုတ္တာရှိသော်လည်း အသက် ၄၀ လောက်နှင့် အသက် ၅၀ ပုံဖမ်းနေခြင်းထက် အသက် ၅၀ ရှိလျက် အသက် ၄၀ ပုံဖမ်းလျက် နုပျိုနေခြင်းက ပို၍ နှစ်လိုဖွယ်ဖြစ်လေသည်။

ဒေါ်ဖွားသီမှာ ငယ်ရွယ်စဉ်က အတော်ပင် လှပချောမောသော မိန်းမတစ်ဦးဖြစ်ရာ အသက် ၅၀ ကျော်အရွယ် ရောက်ခဲ့သော်လည်း လှပဖြူဖွေးနေသောသွားများ၊ မည်းနက်ကြည်လင်သော မျက်လုံးများနှင့်၊ တင်းမာချောမွေ့နေသော အသားအရေများကြောင့် ကြည့်ကောင်းသောအရွယ်၌ တင်လျက်ရှိလေ၏။ ဆံပင်များမှာလည်း အဖြူမသမ်းဘဲ မည်းနက်လျက်ပင် ရှိနေသေးသည်ပင်။ ကိုယ်မှာလည်း သေးသွယ်လျက် လမ်းလျှောက်သောအခါများ၌ ပြေပြစ်လှပလျက်ပင် ရှိသေး၏။ မိန်းမအချင်းချင်းကမူ သူ့အား ဒေါ်လှသီဟု ခေါ်နေကြလေပြီ။

ဒေါ်ဖွားသီ၏ ယောကျ်ားမှာ၊ ဆင်ဖြူပြင်ရွာကလေး၌ ရှိသေလေးစားခြင်းခံရသည့် သြဇာရှိသူ တံငါသည်တစ်ဦးဖြစ်ခဲ့၏။ ယောကျ်ားကွယ်လွန်သည်မှာ ကိုးနှစ်ခန့်ရှိပြီဖြစ်သော်လည်း ဒေါ်ဖွားသီမှာ ရိုးရိုးကုပ်ကုပ် ပိပိရိရိ နေထိုင်လာခဲ့သည့်အလျောက် ရပ်ရွာက မေးငေါ့ကဲ့ရဲ့ခြင်းစသည့်အပြုအမူမျိုးကို မခံခဲ့ရပေ။ မကြာခဏပင် ကောင်းစွာ စားသောက်နိုင်ထဲက ဖြစ်သော တံငါသည်များက လက်ဆက်လို၍အောင်သွယ်လွှတ်ခဲ့သော်လည်းဒေါ်လှသီသည် ထိုသို့ လာရောက်စကားကမ်းသူတိုင်းကို ငြင်းပယ်ခဲ့လေသည်။

ဒေါ်ဖွားသီ၌ မောင်မြဖေအပြင် သားငယ် တစ်ယောက် ရှိသေးရာ သားငယ်ဖြစ်သူ မောင်မြဒင်မှာမူ တံငါသည်လုပ်ရန် လုံးဝစိတ်မပါဖြစ်၍ အခြားတံငါအလုပ်ထက်ကောင်းသော အလုပ်တစ်ခုခုကို လုပ်ကိုင်လိုသည့် ဆန္ဒကြောင့် ထိန်ပင်ကွင်းရွာ မြန်မာစာသင်ကျောင်းသို့ ပို့ပေးထားရလေသည်။ သို့ရာတွင် ဒေါ်လှသီမှာအရောင်းအဝယ်အလုပ်အကိုင် အပေါက်အလမ်းမတည့်ဘဲ ဝင်ငွေရှားပါးလာသောအခါ၌ သားငယ်ဖြစ်သူအား ကျောင်းနုတ်ထားလိုက်ရတော့သည်ဖြစ်ရာ၊ သားငယ် ဖြစ်သူမှာလည်း... အားမတန် မာန်လျှော့၍၊ ကူဖော်လောင်ဖက်လိုနေသော တံငါသည်တစ်ဦးထံ၌၊ အခစားအဖြစ် ဝင်ရောက် လုပ်ကိုင်နေရလေသည်။

မောင်မြဒင်မှာ တည်ကြည်သော လူငယ်တစ်ဦးဖြစ်သည့်အပြင် ရိုးရိုးနှင့် မှန်မှန်နေတတ်သူ ဖြစ်၏။ ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်နေလိုက်ရသည့်အတွက် မိမိကံကိုသာ ယိုးမယ်ဖွဲ့ကာ ပညာသင်ကြားရမည့်အချိန်ကို နောက်နောင် မည်သည့်နည်းနှင့်မှ မရနိုင်တော့ပြီဟု တွေးတောရင်း အစဉ်သဖြင့် မှိုင်တွေငေးမောလျက် နေခဲ့ပါသည်။ တစ်ခါတစ်ရံ ပင်လယ်တွင်... လေမိုးထန်၍ တံငါလှေများ ငါးဖမ်းမထွက်နိုင်ဘဲ ရှိသောအခါ၊ မောင်မြဒင်သည် အဖော်ဖြစ်သူများ ပိုက်ကွန် ပြင်ဆင် ချုပ်လုပ်နေသည့်နေရာသို့ သွားရောက် ဝင်ထိုင်ပြီးလျှင်၊ ကျောက်ဆောင်များကို ဝင်၍ရိုက်နေသော လှိုင်းလုံးကြီးများကို ကြည့်နေတတ်သည်။ တစ်ခါတစ်ရံ သူငယ်ချင်းဖြစ်သူများက သူ့အား တည်တည်ကြီးလုပ်နေရပါမည်လောဟု ပြောဆိုကြ၍ နောက်ပြောင်ကြသောအခါများတွင် သူသည် ပြုံးလျက် ဖြည်းညင်းစွာနှင့် စကားပြန်ပြောလေ့ရှိသည်။

"ငါ တကယ်မပျော်ဘူးကွာ... ဘာ့ကြောင့်ရယ်လို့လဲ ငါမသိဘူး။ ပင်လယ်တွေ၊ ချောင်းတွေ၊ မြစ်တွေရယ် ...ကောင်းကင်တစ်ခုလုံးရယ်... ငါမြင်လိုက်ရပြီဆိုမှဖြင့် ငါ့ကိုငါ ဘာမဟုတ်တဲ့ အကောင်ပါလားဆိုပြီး သတိရလာတာပဲ"

အပေါင်းအဖော် မိတ်ဆွေများသည် ထိုသို့ သူပြောလိုက်သောစကားများကို ကြားရသည့် အခါ၌ ဝိုင်း၍ ရယ်မောကြသည်။ သို့သော်... မောင်မြဒင်အား သူတို့အားလုံးကပင် ချစ်ခင်ကြသည်။

မောင်မြဒင်၏ အလုပ်ရှင်ဖြစ်သော တံငါသည်ကြီး၌ ချောမောလှပသော သမီးကလေးတစ်ယောက်ရှိရာ ကြည်မြဟု ခေါ်လေသည်။ တစ်နေ့သ၌ မောင်မြဒင်သည် သူ့အမေ ဒေါ်ဖွားသီအား...

"မေမေ... ကျွန်တော်ကြီးလာရင် ကြည်မြကို ယူမှာပဲ"ဟု ရယ်မောလျက် ပြောလေသည်။ အမေဖြစ်သူက ပြုံးနေသောအခါ မောင်မြဒင်မှာ ရှက်သွားတော့သည်။

"ငါ့အတွက်လည်း ရှာပေးပါဦး... ညီလေးရ" ဟု အစ်ကိုဖြစ်သူ မြဖေကလည်း ပြုံးရယ်ကာ ဝင်ပြောလေသည်။

"ဩော်ငါ့သားကို အမေဖြင့် မေ့နေလိုက်တာ ကဲ... ကြည်မြလည်း တစ်နေ့ကျတော့ အပျိုကြီးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာမှာပဲ။ ဒီတော့မှ သူကြိုက်တာကိုလည်း သူရွေးယူရဦးမပေါ့။ ငါ့စိတ်ထင်တော့ ကြည်မြကဖြင့် သူ့စိတ်ထဲက အကြိုက်ဆုံးကို ရွေးမှာပဲ”

ကြည်မြကလေးသည်... မောင်မြဒင်၏ ပခုံးပေါ်သို့ လက်ကလေးတင်ပြီး “ကျွန်မ... ကိုမြဒင်ကိုပဲ ချစ်တယ်”ဟု ပြုံး၍ ပြောလေသည်။

အားလုံးမှာ ကြည်မြကလေး အချက်ပိုင်ပိုင် ရဲရဲရင့်ရင့် ပြောတတ်ပုံကို သဘောကျပြီးလျှင် ရယ်မောကြပြန်လေ၏။ သို့သော်... ရက်အနည်းငယ် ကြာသောအခါ မောင်မြဒင်သည် တောင်ညိုနတ်ကွင်းသို့ သွားရောက်၍ တောင်ညိုနတ်ရုပ်ရှေ့တွင် ဒူးထောက်ပြီးလျှင် မိမိအား ရွှေငွေ ပစ္စည်း ရှာဖွေရရှိနိုင်မည် နေရာသို့ ညွှန်ပြပေးရန် မိမိအား ထိုသို့ မစပါက မိမိသည် ချမ်းချမ်းသာသာ ရပ်ရွာသို့ရောက်သောအခါ နတ်ကွန်းကို ခံ့ညားသပ်ရပ်စွာ ပြန်ဆောက်လျက် ပုံတော်၌လည်း ရွှေချမည်ဖြစ်ကြောင်းနှင့် တောင်ညိုနတ်အား ကတိပေးနေလေ၏။

ထိုသို့ကတိပြုပြီးနောက် မောင်မြဒင်၏စိတ်၌ တောင်ညိုနတ်ရုပ်မှ ညာလက်သည် တဖြည်းဖြည်း မြောက်လာပြီးလျှင် မြောက်ဘက် မိုးကုတ်စက်ဝိုင်းသို့ ညွှန်ပြနေသည်ဟု ထင်မိလေသည်။ သူသည် နတ်ရုပ်ရှေ့တွင် ဒူးထောက်လိုက်စဉ်က ငယ်ရွယ်သေးသူတစ်ဦးပင် ဖြစ်ခဲ့သော်လည်း လူကြီးတစ်ယောက်၏ စိတ်ဝင်လာပြီးလျှင် ထရပ်လေသည်။ လေ့သားတစ်ဦးအနေနှင့် ရပ်ဝေးသို့ သွား၍ ရွှေငွေ ပစ္စည်းများကို သူဌေးဖြစ်လောက်အောင် ရှာဖွေတော့မည်ဟု သန္နိဋ္ဌာန် ချလိုက်လေ၏။

ထိုနေ့ညဉ့်၌ မောင်မြဒင်သည် မိခင်ဖြစ်သူ အနီးသို့ ချဉ်းကပ်၍ကန်တော့ရင်း ဆုတောင်းလေသည်။ ထို့နောက် မိခင်၏လက်ပေါ်တွင် မျက်နှာကို တင်ထားရာ မျက်ရည်ဥကလေး တစ်စက် ကျသွားလေသည်။ မိခင်က အကျိုးအကြောင်း မေးမြန်းသောအခါ မိမိကြံစည်သမျှ ကိစ္စအဝဝ အောင်မြင်စေရန် ဆုပေးပါမည့် အကြောင်းကိုသာ ပြောလေသည်။ နောက်တစ်နေ့နံနက်တွင် မောင်မြဒင်သည် နေအိမ်မှ ပျောက်သွားလေသည်။

မကြာမီ မောင်မြဒင်ထံမှ စာတစ်စောင် ရောက်လာရာ ထိုစာ၌ သူသည် ရန်ကုန်သို့သွားသော ရွက်လှေတစ်စင်း၌ လိုက်ပါသွားကြောင်း ။ ရန်ကုန်မြို့ စဉ့်အိုးတန်းငါးပိကုန်သည် ဒေါ်မယ်မထံ၌ အလုပ်လုပ်ကိုင်လျက် ရှိကြောင်းနှင့် မိခင်ဖြစ်သူအား ရေးပြလိုက်လေသည်။

* * *

[ ၃ ]

ဆယ်နှစ်ခန့် ကြာမြင့် ခဲ့လေသည်။ မောင်မြဒင်ထံမှ စာလည်း မရောက်တော့သဖြင့် မိခင် ဒေါ်ဖွားသီမှာ သားဖြစ်သူ ပြန်လာတော့မည်မဟုတ်ဟု စိတ်ပိုင်းဖြတ်ထားလေသည်။

တစ်နေ့သ၌ စာတစ်စောင် ဒေါ်ဖွားသီထံသို့ ရောက်လာပြန်၏။ ထိုစာရောက်ပြီးနောက် မကြာမီပင် ရုပ်ရည်ချောမောသော လူငယ်တစ်ဦးသည် ဒေါ်ဖွားသီအိမ်သို့ ရောက်လာလေသည်။ ထိုသူငယ်မှာ မောင်မြဒင်ဖြစ်၍ ဒေါ်ဖွားသီနှင့်တကွ အစ်ကိုဖြစ်သူ မြဖေပါ များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြတော့သည်။

မောင်မြဒင်မှာ အသက် ၂၄ နှစ်ခန့် ရှိလေပြီ။ မောင်မြဖေမှာကား၊ အသက် ၂၆ နှစ်ရှိ၍ အသက်သုံးဆယ်ကျော်လောက် ရှိမည်ဟု ပုံပန်းကိုကြည့်ပြီးလျှင်၊ ခန့်မှန်းဖွယ်ဖြစ်နေသည်။ ထိုအချိန်ထိ မောင်မြဖေမှာ မိုးလေမရှောင် ပင်လယ်သို့ဆင်းကာ လှိုင်းကြား၌ စားရေးသောက်ရေးအတွက် ပင်ပန်းဆင်းရဲစွာ အလုပ်လုပ်နေရသည်။

မောင်မြဖေသည် အိမ်ထောင်သည် တစ်ယောက်လည်း ဖြစ်နေလေပြီ၊ သူ့မယားမှာ မောင်မြဒင် အလုပ်လုပ်ခဲ့သော တံငါသည်၏သမီး လှပချစ်စရာ ကောင်းသော ကြည်မြပင် ဖြစ်သည်။ ထိုကြည်မြပင် ငယ်ရွယ်စဉ်က မောင်မြဒင်ကို ချစ်သည်ဟု ပြောဆိုခဲ့ရာ ထိုစကားကြောင့်ပင်၊ မောင်မြဒင်သည် တစ်ရပ်တစ်ကျေးသို့ သွားရောက်၍ စီးပွားရှာခဲ့လေ၏။

ကြည်မြ၏ ဖခင်ကြီးမှာ ပိုက်ဆံငွေကြေးများ ရှားပါးသော နှစ်အတွင်းကပင်၊ ဆင်းရဲစွာနှင့် ကွယ်လွန်ခဲ့သည်။ သူပိုင် တံငါလှေ တစ်စင်းပြီးတစ်စင်း ပင်လယ်၌ ဆုံးပါးခဲ့သည်။ ထိုနောက် သူကိုယ်တိုင် ထွက်၍ လှေလိုက်ရာက လှေမှောက်ရာတွင် ခြေတစ်ဖက်ကျိုးပြီးသည်မှ အိပ်ရာထဲတွင် လဲနေတော့သည်။ ကြည်မြသည် ဆင်းဆင်းရဲရဲနှင့် ဖခင်ကြီးအား ပြုစုလေသည်။ ဖခင်ကြီး ကွယ်လွန်သောအခါ၌ကား၊ ကြည်မြမှာ ခြေကုန်လက်ပန်းကျ၍ အိုးမဲ့

www.burmeseclassic.com



အိမ်မဲ့ ဖြစ်နေလေသည်။ ထိုအခါ မောင်မြဖေက သူတို့နှင့် အတူနေထိုင်ရန်ပြော၍ သွားရောက်နေထိုင်ရာမှ သုံးဦးသားမှာ အေးချမ်းချစ်ကြည်စွာနှင့် ရှာဖွေစားသောက်နေကြသည်။ သို့နှင့် မောင်မြဖေသည် နောက်ဆုံး ကြည်မြနှင့် လက်ထပ်လိုက်သည်။ ကြည်မြမှာ ပိုက်ကွန်ချုပ်လုပ်ရာ၌ အင်မတန်ကျင်လည်၍ မောင်မြဖေမှာလည်း ပင်လယ်သို့ ထွက်၍ အလုပ်လုပ်ရာ၌ မညည်းမညူ သူများထက် သာအောင် ကြိုးစားခဲ့လေသည်။

နွေဦးပေါက် သာယာသော နေ့တစ်နေ့ နံနက်ခင်းတွင်၊ မောင်မြဒင် ပြန်ရောက်လာသောအခါ တစ်ရွာလုံးက သောင်းသောင်းဖျဖျ လာ၍ နှုတ်ဆက် မေးမြန်းကြသည်။ ကာလသားများမှာလည်း ထိုနေ့အဖို့ ပင်လယ်သို့ မထွက်တော့ဘဲ ဒေါ်ဖွားသီအိမ်တွင် လက်ဖက်ရည်ကြမ်း ဝိုင်းကြီးဖွဲ့ကြသည်။ ထိုလက်ဖက်ရည်ကြမ်းဝိုင်းသို့ ပုစွန်များ၊ ကဏန်းများ၊ ကမာကြော်များ ယူဆောင်လာကြပြီးလျှင် မောင်မြဒင်အား ရန်ကုန်အကြောင်းကို မေးကြ မြန်းကြ ရယ်ကြ မောကြနှင့် စားသောက်ကြလေသည်။ မောင်မြဒင်မှာလည်း သူငယ်ချင်းမိတ်ဆွေများမေးမြန်းသည်ကို ပါးစပ်မပိတ်နိုင်လောက်အောင်ပင် ဖြေနေရတော့သည်။

"အခုလို ရွာပြန်ရောက်ပြီးတော့ သူငယ်ချင်း မိတ်ဆွေတွေနဲ့ တွေ့ရတာ ငါသိပ်ဝမ်းသာတာပဲ"

"ကဲ...မြဒင်၊ ဒီမှာ မင်းဆွေမျိုး တစ်ယောက်တိုးလာသကွ၊ ဒီဆွေမျိုးကိုလည်း စကားထဲ ထည့်ပြောစမ်းပါဦး" အစ်ကို မောင်မြဖေက ကြည်မြပခုံးပေါ် လက်တင်၍ ပြောလိုက်လေသည်။

"ခွင့်လွှတ်တော့ အစ်ကိုကြီးရေ... အစ်ကိုကြီးမိန်းမဆိုတော့ ကျွန်တော့ အစ်မကြီးပေါ့။ မမေ့နောက်ဆိုရင် အစ်မကြီးကိုပဲ ရှိသေရမှာ မဟုတ်လား..."

"ကဲ... မောင်မြဒင်၊ မင်း အိမ်ကထွက်သွားတာ ရည်းစားတော့ ဆုံးတာပဲ မဟုတ်လားကွဲ့" ဟု မိခင် ဒေါ်ဖွားသီက ရယ်မောလျက် ပြောပြန်သည်။

"ဘယ်လိုလဲ ဒေါ်ဒေါ်ရဲ့၊ ကျွန်တော်တို့လည်း ကြားပါရစေလား... ပြောပါဦး" ဟု ကာလသားတစ်ဦးက ဆိုလေသည်။

ထိုအခါ ဒေါ်ဖွားသီက မောင်မြဒင်အား ငယ်ရွယ်စဉ်က ကြည်မြတို့ ဖခင်ကြီးက သဘောကျ၍ မိမိသမီးနှင့် ပေးစားမည်ဟု မကြာခဏပြောပုံ၊ ကြည်မြ ကိုယ်တိုင်ကလည်း မောင်မြဒင်အား ချစ်သည်ဟု ပြောပုံများကို ပြောပြရာ ကာလသားများမှာ တသောသော ရယ်မောကြလေ၏။ မောင်မြဖေကလည်း သူများထက် ကျယ်လောင်စွာ ရယ်လေသည်။

အဲဒီလိုဖြစ်ခဲ့တဲ့ အချိန်ကစပြီးတော့ တစ်စတစ်စ ပြောင်းလဲသွားတာပဲကွ။ ငါလဲ... တောင်ညိုနတ်ကွန်းမှာ သွားပြီးဆုတောင်းတော့... တောင်ညိုနတ်က ငါ့ကို ရန်ကုန်သွားတဲ့ လှေတစ်စင်းမယ် ထည့်လိုက်တယ်။ ဒီလိုကနေပြီး ကနေ့ထိ ငါလည်း ကံစီမံရာ ငြိမ်ငြိမ်သက်သက်နဲ့ လိုက်ကနေတာ၊ ကဲ... အခုတော့ မေမေပြောတဲ့အတိုင်း..." မောင်မြဒင်သည် သူငယ်ချင်းများအား စကားပြောနေရာက နောက်ဆုံး စကားလုံးထွက်သွားပြီးနောက်၊ ကြည်မြအား ကြည့်လိုက်လေ၏။ ကြည်မြသည် သူ့အကြည့်ကို ရှက်တရက် ရှောင်လိုက်သည်။

ကာလသားများလည်း လူစုခွဲရန် ထကြသည်။ ထိုအခါတွင် ဒေါ်ဖွားသီက... "မောင်မြဒင်လည်း ပျော်ပျော်ရွှင်ရွှင် ချမ်းချမ်းသာသာနဲ့ ရွာကို ပြန်ရောက်လာပြီ၊ အင်း... တောင်ညိုအရှင်များ မစ ပေလို့ပဲ။ ကျေးဇူးကြီးပါပေ့ ပြည့်ရှင်နတ်များဘုရား..." ဟု တမ်းတ ရွတ်ဆိုလေသည်။

မောင်မြဒင်မှာကား... အိပ်မက်နေဘိသကဲ့သို့ ငေးမောနေလေသည်။ ထိုနောက် သက်ပြင်းတစ်ချက် ချ၍ မိခင်၏ မျက်နှာကို ကြည့်နေလေသည်။

"ငါ့သား... ပျော်ရဲ့လား၊ မေမေ့ဆီ ပြန်ရောက်လာတာပျော်ရဲ့လား" ဟု ဒေါ်ဖွားသီက စိုးရိမ်စွာ မေးလိုက်သည်။

"မေမေ့ဆီ ပြန်ရောက်တာ သားစိတ်ထဲမှာ မပျော်ဘဲနေပါ့မလား မေမေရယ်..."

"ဒါနဲ့တောင် ငါ့ညီက အမေ့ပစ်ထားခဲ့ပြီးတော့ တစ်ရပ်တစ်ရွာမှာ ငွေကြေးသွားရှာလိုက်ရသေးသလားကွယ်" ဟု အစ်ကိုမောင်မြဖေက ဝင်ပြောလေသည်။

"အစ်ကိုကြီးက ကျွန်တော့်ကို အိမ်ကထွက်သွားတဲ့အတွက် ခွင့်မလွှတ်နိုင်သေးဘူးပေါ့။ အစ်ကိုကြီးခွင့်မလွှတ်နိုင်တာလည်း မှန်တယ်၊ လူရယ်လို့ ဖြစ်လာတော့ ချမ်းသာချင်စိတ်ကို အလိုလိုက်ပြီးတော့... လောဘဖြစ်မိတာဟာ သိပ်မှားတာပဲ၊ တစ်နေ့ သေသွားရင် ပစ္စည်းဆိုတာ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



နောက်ကို ပါနိုင်တာမှ မဟုတ်တာပဲ"

ထိုနေ့ည မောင်မြဒင်သည် အိပ်ရာဝင်ခါနီး မိခင်ဖြစ်သူအား ကန်တော့ရာ... မိခင်က ထူးခြားသော အဓိပ္ပာယ်ပါသည့် ဆုကို ပေးလေသည်။

"ငါ့သားကို သမ္မာဒေဝနတ်များ မ ပါစေ။ လောဘစိတ် ဆောင်ရာနောက်သို့လည်း အလိုက်မမှားမိပါစေနဲ့..."

[ ၄ ]

ဆင်ဖြူပြင်ရွာ တစ်ရွာလုံးက ချစ်ကြည်မြတ်နိုးစွာ... နှုတ်ခွန်းဆက် ကြိုဆိုခဲ့သည်ကိုလည်းကောင်း၊ ရန်ကုန်မှ အပြန် ဥစ္စာပစ္စည်း သင့်တင့်လုံလောက်စွာ စုဆောင်းပါရှိခဲ့သည်ကိုလည်းကောင်း၊ တွေး၍ ဝမ်းမသာနိုင်ဘဲ၊ မောင်မြဒင် စိတ်လက်မအီမသာနှင့် မှိုင်တွေငေးမောလျက် ရှိလေ၏။ တောင်ညိုနတ်ကွန်းသို့လည်း မကြာခဏ သွားရောက်ပြီးလျှင် မိမိအား...ယခင်ဆုတောင်းစဉ်က စီးပွားဥစ္စာ သွားရာလျှင် အကျိုးရှိမည့်နေရာသို့ ညွှန်ပြခဲ့သည် ထင်ရသော တောင်ညိုနတ်ရုပ်မှ ထူးဆန်းသည့်ညာလက်ကို စူးစိုက်ကြည့်နေခဲ့သည်။ ထိုနောက် ပင်လယ်ကမ်းခြေတွင် လမ်းလျှောက်ကာ ညိုပြာနေသော ပင်လယ်ရေပြင်ကြီးကို ငေး၍ ကြည့်နေခဲ့သည်။

ဒေါ်ဖွားသီသည် သားဖြစ်သူ မောင်မြဒင်အား အကဲခတ်လျက် ချွေးမဖြစ်သူကိုလည်း မသိမသာ စောင့်ကြည့်ခဲ့၏။ မောင်မြဒင်သည် ကြည်မြအား ရံဖန်ရံခါလောက်သာ စကားပြောသည့်အပြင် ထိုသို့ စကားပြောသောအခါ၌လည်း... ထန်ထန်မာမာနှင့် စိတ်နာနေသော သူတစ်ဦးပမာ စကားပြောသည်ကို တွေ့ရသည့်အပြင် ကြည်မြမှာ မောင်မြဒင်ကို အမှုမဲ့အမှတ်မဲ့ ကြည့်နေသည်ကိုလည်း၊ အကြိမ်ပေါင်းများစွာ ဒေါ်ဖွားသီ မြင်ခဲ့လေသည်။

မောင်မြဒင် အိမ်ပြန်ရောက်သည့်နေ့မှ အတန်ကြာသောအခါ၊ တစ်နေ့သ၌ ဒေါ်ဖွားသီနှင့် ကြည်မြတို့သည် အိမ်တံခါးဝတွင် ထိုင်ကာ ပင်လယ်ပြင်ဘက်သို့ မျက်နှာပေး၍ စကားပြောနေကြလေသည်။ မောင်မြဖေမှာ ထိုအချိန်၌ ပင်လယ်သို့ လှေနှင့်ငါးဖမ်းထွက်နေခိုက် ဖြစ်၍ မောင်မြဒင်မှာ ပင်လယ်ကမ်းပါးတစ်လျှောက် လှည့်လည်သွားလာနေခိုက်ဖြစ်သည်။ ဒေါ်ဖွားသီသည် သားနှစ်ဦးအကြောင်းသို့ရောက်အောင် စကားကို ဆွယ်၍ပြောပြီးလျှင် မောင်မြဒင်၌ ချီးမွမ်းဖွယ်ကောင်းသော အချက်များကို ပြောပြလေသည်။ ကြည်မြသည် မောင်မြဖေအကျႌ တစ်ထည်ကို ဖာထေးရင်း နားထောင်လျက် တစ်ခွန်းစနှစ်ခွန်းစ ဝင်ပြောလေသည်။

ထိုနောက် ရုတ်တရက် ဒေါ်ဖွားသီက "ကြည်မြကို အကဲခတ်ရတာ ငါ မြဒင်ကို ချီးမွမ်းတော့ အားတက်သရော လိုက်ချီးမွမ်းပြီး၊ မောင်မြဖေအကြောင်းကျတော့... တယ်ပြီးတော့ မြှောက်မြှောက်ပင့်ပင့် မပြောချင်ဘူး။ ဘယ့်နှယ်လဲဟေ့"ဟု မေးလိုက်၏။

ကြည်မြသည်... တွေဝေသွားလျက် ရှက်သလိုလိုဖြစ်သွားရာက "ဒီလိုမဟုတ်ပါဘူးမေမေရယ်... ကိုမြဒင်မယ် ပိုပြီးတော့ ချီးမွမ်းစရာရှိနေလို့ ကျွန်မ ပြောတာပါ..."

"မဟုတ်ပါဘူးကွယ်..."

"တကယ်ပါပဲ...မေမေရယ်..."

"ကဲ...နားထောင်ဦး ကြည်မြ" ဒေါ်ဖွားသီသည် တည်ကြည် ဣန္ဒြေရစွာနှင့် ပြောလိုက်သည်။ "အခု မြဒင် ပြန်ရောက်လာတာ ၇ ရက် လောက်ပဲရှိဦးမယ် အဲဒီ ၇ ရက်လောက်အတွင်းမယ် ညည်း သိသိသာသာကြီးပြောင်းလဲနေတာကို ငါ မြင်ရတယ်။ ညည်းအသက်က ၂၁ နှစ်ပဲ ရှိသေးတယ်။ ငါဆို ၅၂ နှစ်ရှိပြီ ဒီအရပ်ကနေပြီး ငါဘယ်မှ မရောက်မပေါက်ဖူးပေမဲ့ လူတွေရဲ့ စိတ်နေစိတ်ထားကို ငါ အတော်သိနေပြီ။ ညည်း မြဒင်ကို ချစ်နေတယ်ဆိုတာ ငါသိပါတယ်။ ညည်းဟာ မြဖေကို ချစ်တာမဟုတ်ဘူး။ ညည်းမှာ အားကိုးအားထား မရှိတဲ့အချိန်မှာ နီးနီးကပ်ကပ် တွေ့ရလို့သာ ညည်း မြဖေကို ယူလိုက်တာမဟုတ်လား... ငါပြောတာတွေကို ငြင်းဦးမလို့လား..."

ကြည်မြသည် ငြိမ်သက်စွာနားထောင်နေလေသည်။

တစစ မှောင်မည်းလာသည်တွင် ညအချိန်သို့... ရောက်ခဲ့သည်။ ထိုညမှာ သာယာလှပသော ညဖြစ်သည်။ လှိုင်းရိုက်သံများနှင့် သစ်ပင်များကြားမှ တိုက်ခတ်လာသော လေသံမှာ ရောနှောသွားပြီးလျှင်၊ နာပျော်ဖွယ် ကောင်းသော သီချင်းသံကို ဖန်တီးလျက် ရှိလေ၏။ ပတ်ဝန်းကျင်မှာလည်း တောပန်းများ၏ ရနံ့ဖြင့် သင်းပျံ့ မွှေးကြိုင်လျက်ရှိ၏။ ပြာနက်သော ကောင်းကင်၌လည်း ကြယ်များမှာ တလက်လက် တောက်ပနေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဖွားသီသည် ချွေးမဖြစ်သူ ကြည်မြ၏ လုပချစ်စဖွယ်ကောင်းသော မျက်နှာကို ကြည့်ပြီးလျှင် ဆက်၍ စကားပြောပြန်သည်။

"နှစ်ယောက်စလုံး ငါ့သားချည်းပဲကွဲ့။ နှစ်ယောက်စလုံးကို ညီတူညီမျှ ငါချစ်တာပဲ။ ဒါပေမဲ့ တို့အမျိုးဂုဏ်ကိုတော့ ပိုပြီး ငါမြတ်နိုးတယ်။ ဒီဂုဏ်ကို ဆယ်ဖို့ဟာ ညည်းလက်ထဲမှာ ရောက်နေတယ်...။ ငါ့မှာ သမီးဆိုလို့ တစ်ယောက်မှ မရခဲ့ဘူး။ ငါ့သားရဲ့မယားဟာ ငါ့သမီးပဲကွဲ့... ညည်းကို ငါ့သမီးတစ်ယောက်လို ချစ်လို့လည်း သမီးတစ်ယောက်ကို ပြောရမယ့်စကား ငါပြောခဲ့တယ်။ မြဒင်က ညည်းကို ချစ်နေတယ်...။ ဟို...ငယ်ငယ်တုန်းက ညည်းသူ့ကို ချစ်ပါတယ်ဆိုတာကအစ၊ မြဒင်ဟာ ညည်းကို ချစ်ပြီးတော့ စိတ်ကူးနဲ့ လွမ်းနေမှာပဲ။ မြဖေလည်း... ညည်းကို ချစ်တာပဲ။ မြဖေကတော့ စိတ်ကူးနဲ့ လွမ်းတက်တဲ့ လူမျိုး မဟုတ်ဘူးကွဲ့။ စွဲလမ်းတပ်မက်လိုတဲ့ လူမျိုးလည်း မဟုတ်ဘူး။ ဒါပေမဲ့ ရိုးသားတယ်၊ သနားတတ်တယ်။နောက်ပြီး သဘောသကာယ ပြည့်ဝတယ်။ တကယ်လို့... ငါ တော့ ဒီလိုမဖြစ်ပါစေနဲ့ ဆုတောင်းတာပဲကွယ်...။ ညည်း အပေါ်မှာ အထင်အမြင်လွဲစရာ တစ်ခုခုကို သူ တွေ့သွားလို့ရှိရင် သူ့စိတ်မှာ ပြင်းပြင်းထန်ထန် ထိခိုက်သွားလိမ့်မယ်။ သူ့လို လူမျိုးဟာ ဒေါသထွက်တဲ့အခါကျရင် ဆိုးတတ်တယ်...ကြည်မြ... ငါ့သမီး သတိထားနော်... အခုလို တို့ ပျော်ပျော်ရွှင်ရွှင် စားစားသောက်သောက်နေရတာကို ငရဲကျသလို ဖြစ်အောင်တော့ မလုပ်လေနဲ့ သမီးရယ်..."

ကြည်မြသည်... တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက် အသံမထွက်ဘဲ ငိုလေ၏။ ထို့နောက် မျက်နှာကို မော့လျက် တိုးတိုးပြောလေသည်။

"မေမေ...ကျွန်မလည်း ဘယ်လိုလုပ်ရမယ်လို့မသိတော့ဘူး။ ကိုမြဒင်က ကျွန်မကို ကျောက်ဆောင်ဘေးမှာ တွေ့ရအောင်ဆိုပြီး ချိန်းထားတယ်...။ ကျွန်မကို သူ ရက်ရက်စက်စက် ပြောမှာစိုးတာနဲ့ ကျွန်မလည်း သွားတွေ့မယ်လို့ စိတ်ပိုင်းဖြတ်ထားတယ်..."

"ကျောက်ဆောင်ဘေးကို ချိန်းထားတယ်..."

"ဟုတ်ကဲ့ မေမေ... ထမင်းစားပြီးရင် လာခဲ့ပါတဲ့ အခုလို သူက တွေ့ဖို့ ချိန်းတာတော့ ဒီတစ်ခါ ပထမဆုံးအခါပဲ၊ ကနေ့ည သောင်ခုံမှာ... တောင်ညိုနတ်ပင့်ပွဲ လုပ်တော့၊ နတ်ပွဲကိုလာရင်းက သူ မရှိတာတွေ့တာနဲ့ ကျောက်ဆောင်ဘေးကို ထွက်ခဲ့ပါလို့ မှာထားပါတယ်"

"ကဲ... ဒီလိုဆို... ညည်းမသွားနဲ့"

"ဒါဖြင့် ကျွန်မ ဘယ့်နှယ်လုပ်ရမှာလဲ။ ကျွန်မ သူ့ကို လိမ်လိုက်ရမလား။ ကျွန်မ သွားမတွေ့ဘဲနဲ့ ဒီလိုပဲ သူ့ကို စောင့်ခိုင်းထားရမှာလား... မေမေ"

"သူလည်း ... တစ်ယောက်တည်း မစောင့်စေရပါဘူးကွယ်... ငါသွားတွေ့လိုက်မယ်..."

"အမေ... ဘယ်လိုလုပ်မလို့လဲ...."

"ငါ သင့်မြတ်အောင်စီမံပေးမပေါ့၊ ဒီလိုနဲ့ ကြာနေလို့ မဖြစ်ဘူး၊ နောက်ကျကုန်လိမ့်မယ်"

"ဟော... ပြန်လာကြပြီ ကိုမြဖေနဲ့ အတူတူပဲ... အခု ဘာမှမပြောပါနဲ့ဦးနော်... မေမေ"

"ဘာမှမစိုးရိမ်ပါနဲ့ကွယ်... ညည်းယောကျ်ားကိုလည်း၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး မသင်္ကာဖြစ်အောင် ငါ သိတာတွေ ထုတ်မပြောထားဘူး"

* * *

[ ၅ ]

တံငါသည်များ၏ သားမယားများသည်... ညစာ ထမင်းစားသောက်ပြီးသောအခါ သောင်ခုံတွင် ပြုလုပ်သော နတ်ပင့်ပွဲသို့ သွားကြလေ၏။ ထိုနတ်ပွဲကား တံငါသည်တို့အဖို့ အဓိကရ နတ်ပွဲဖြစ်၍ တောင်ညိုနတ်အားပင့်ဖိတ်လျက်၊ စားပွဲသောက်ပွဲများ ဆက်ကာ၊ စီးပွားရေးနှင့်ပတ်သက်၍ အသုံးချသော တံငါလှေ၊ ပိုက်ကွန် စသည့် တန်ဆာပလာများကို အပ်လေသည်။ ပျော်ပွဲရွှင်ပွဲ ဖြစ်၍လည်း တံငါသည်များသည် မီးပုံကြီးများဖိုကာ တစ်ညပတ်လုံး ကခုန်မြူးထူးကြသည်။ ချက်အရက်များလည်း တစ်ညအဖို့ လှိုင်လှသည်။ မိန်းမပျိုများလည်း ဝင်၍ကခုန်ပျော်ရွှင်ကြသေးသည်။ ဒေါ်ဖွားသီ၊ မောင်မြဖေ၊ ကြည်မြနှင့် မောင်မြဒင်တို့လည်း ထိုနတ်ပင့်ပွဲသို့ ရောက်လာကြသည်။

နတ်ပင့်ပွဲ စ၍ စားပွဲသောက်ပွဲများ ဆက်ပြီးလျှင် ရိုးရာအတိုင်း တံငါပစ္စည်းများကို အပ်၍ အိုးစည်ဗုံမောင်း တီးလျက်ကခုန်ကြသည်။ ကာလသားများ၊ မိန်းမပျိုများမှာလည်း တစ်ဦးနှင့် တစ်ဦး လှောင်ပြောင်ရယ်မောလျက်

www.burmeseclassic.com

www.burmeseclassic.com



သီချင်းဆိုကာ ကခုန်လျက်ရှိကြသည်။ လူကြီးများက တစ်နေရာတွင်ထိုင်လျက် စကားလက်ဆုံကျကာလက်ဖက်ရည်ကြမ်း သောက်နေကြသည်။ မောင်မြဒင်မှာ ရန်ကုန်မှ ပိုက်ဆံစုဆောင်းမိ၍ ပြန်လာသူဖြစ်သည့် အားလျော်စွာ မျက်နှာပွင့်လန်းလျက်ပင်ရှိရာ တစ်ထောင့်က နှုတ်ဆက်လိုက်၊ တစ်ထောင့်က စကားပြောလိုက်နှင့် မအားနိုင်လောက်အောင်ပင် ဖြစ်နေသည်။

နောက်ဆုံး... နတ်ပွဲမှ လူကြီးများနှင့် မိန်းမပျိုများ တစ်စတစ်စ ထပြန်၍ ညဉ့်နက်လာသောအခါ၊ ကာလသားများသည် ချက်အရက်များ ဆင့်ကဲဆင့်ကဲ သောက်ပြီးလျှင်၊ ကြမ်းကြမ်းရမ်းရမ်း ကခုန်ကြလေ၏။ မီးပုံများမှ မီးတောက်မီးလျှံများမှာလည်း မီးပွားများလွင့်လျက်၊ လေပင့်ရာတွင် တဝင်းဝင်းတောက်နေ၏။

မောင်မြဒင်သည် နတ်ပွဲမှ ထွက်ခဲ့ပြီးလျှင် ကျောက်ဆောင်နောက်သို့သွား၍ စောင့်နေ၏။ ဒေါ်ဖွားသီမှာလည်း သား၏အရိပ်အကဲကို မှောင်ကျသောထောင့်တစ်ခုမှ စောင့်စားကြည့်ရှုနေရာက သားထွက်သွားသည်ကို မြင်ရသောအခါ၊ မည်သူတစ်ဦးတစ်ယောက်မျှ မမြင်ရလေအောင် ကိုယ်ကို အသာကွယ်၍ သားနောက်သို့ လိုက်လေ၏။ မောင်မြဒင်မှာ မိမိထံသို့လာနေသော ပုံသဏ္ဍာန်ကို မြင်ရသောအခါ ကြည်မြမှတစ်ပါး မည်သူမျှ မဖြစ်နိုင်ဟု တွေးပြီးလျှင် အသံကိုနှိမ့်၍ ခပ်လှမ်းလှမ်းမှ ကြားလောက်အောင် ခေါ်လိုက်သည်။

"အချစ်ရယ်... မောင့်မှာဖြင့် လာမှလာပါ့မလားလို့ စိတ်တထင့်ထင့်နဲ့ကွယ်... မောင့်စိတ်ထဲမှာ ကြာကြာ မမျိုသိပ်ထားနိုင်တော့ဘူး...၊ ကနေ့ညတော့ မောင်အကုန် ဖွင့်ပြောရတော့မှာပဲ"

ထိုနောက် အသံမပေးဘဲ၊ သူ့ထံ တရွေ့ရွေ့နီးကပ်လာသော မိန်းမသဏ္ဍာန်ကို သေချာစွာကြည့်လျက်–

"အို...မေမေ၊ ဒီနေရာကို ဘာလုပ်ဖို့လာတာလဲ" ဟု အော်၍ မေးမိလေ၏။

"ငါလည်း... မင့်ကို ဒီလိုပဲ ပြန်မေးရမှာမြဒင်။ ဒါပေမဲ့ မင်း ဒီနေရာကို ဘာကိစ္စနဲ့ ရောက်နေတယ်ဆိုတာ ငါသိတော့..."

"မေမေ သိနေတယ်..."

"ငါ အကုန်သိတယ်...မြဒင်"

ပတ်ဝန်းကျင်၌ အတန်ကြာ တိတ်ဆိတ်ငြိမ်သက်၍ နေပြီးနောက် မိခင်နှင့်သားတို့၏ ရင်တွင်း၌ လေးလံစွာ ဖိထားသော ဝမ်းနည်းပူဆွေးနေပုံနှင့် စည်းဝါးကိုက်လှသော ပင်လယ်ဘက်မှ ရုတ်တရက် ရိုက်ငင်သံကဲ့သို့ လေအဟုန်တိုက်ခက်သံသည် ထွက်ပေါ်လာလေ၏။ ထိုအခါ၌ မိုးကုပ်စက်ဝိုင်းမှ တိမ်လိပ်ကြီးများ တက်လာပြန်သည်တွင် ပိုမို၍ မှောင်မည်းလာလေသည်။

"မြဒင်... မင်းက ကြည်မြကို ဒီနေရာမှာ တွေ့ရအောင်ဆိုပြီး ချိန်းထားဆို၊ ဒါတွေကို ငါသိလို့ ငါ လာရတာပေါ့သားရယ်... ဒီနေရာမှာ မင်း...ကြည်မြနဲ့ တွေ့ပြီးတော့ ကြည်မြကို မင်းချစ်နေသေးတယ်ဆိုတာ ဖွင့်ပြောမလို့ မဟုတ်လား။ ကြည်မြဟာ...မင်းအစ်ကိုရဲ့ မယား...မင်းမရီး ဖြစ်နေပြီကွဲ့"

"တကယ်ဆိုတော့... ကျွန်တော့်မယားသာ ဖြစ်ရမယ်... မေမေရဲ့၊ ကြည်မြဟာ ကျွန်တော့်ရည်းစားပဲ၊ ကျွန်တော်တို့ တင့်တင့်တယ်တယ် နေနိုင်အောင်ဆိုပြီး ကျွန်တော် ရပ်ဝေးမှာ စီးပွားရှာနေတုန်း အစ်ကိုကြီးက ယူလိုက်လို့သာ သူ့မယားရယ်လို့ ဖြစ်နေရတာပဲ မေမေရဲ့"

ဒေါ်ဖွားသီသည် မောင်မြဒင် ပြောနေသော စကားကို နားထောင်ရင်းက မိမိသား၏မျက်နှာကို စူးစိုက်ကြည့်နေသည်။

"ငါ့သား... မင်း ဒီရွာမှာ မနေနဲ့တော့၊ တို့အမျိုးကို အိုးမည်းမသုတ်နဲ့...၊ ကြည်မြဟာ မင်းကို ချစ်တာမဟုတ်ဘူး တကယ်လို့သာ မင်းကိုချစ်တယ်ဆိုရင်... မင်းအစ်ကိုကို သူ ယူပါ့မလား...၊ မင်းက သူ့ကို ဒီနေရာမှာ တွေ့ရအောင်လို့ အရှုးရူးအမူးမူးနဲ့ ခေါ်ပါတယ်ဆိုပြီး ငါ့ကို တိုင်လို့ အခုငါလာတာပေါ့ တကယ်လို့သာ မင်းကို ချစ်သပဆိုရင်...၊ ဒီစကားကို ငါ့ပြောပါ့မလား..."

"မေမေရယ် ကြည်မြအပေါ်မှာတော့ ဒီလိုမပြောပါနဲ့၊ သူ ကျွန်တော့်ကို ချစ်တယ်ဆိုတာ ကျွန်တော်သိပါတယ်"

"တော်တော့...မြဒင်၊ ငါတို့အိမ်မှာ သင့်သင့်မြတ်မြတ်... အေးအေးချမ်းချမ်းသာ ရှိရမယ်။ ငါဆုံးဖြတ်ထားပြီးပြီ၊ ငါ့သမီးကိုလည်း ဒီအကြောင်း ပြောထားပြီးပြီ၊ နက်ဖြန် မင်း ဒီရွာက ထွက်သွားတော့။ အိမ်ထောင်ရက်သားကျပြီးမှပဲ ငါ့ဆီကို ပြန်လာ..."

"ဒါတော့...မဖြစ်နိုင်ပါဘူး...မေမေ"

www.burmeseclassic.com

www.burmeseclassic.com



"အမေ့စကားကို နားထောင်ပါသားရယ်၊ ငါ့စကားကိုသာ မင်းနားမထောင်ရင် တို့တစ်တွေ အရှက်ကွဲကြလိမ့်မယ်၊ ကြည်မြကိုလည်း စိတ်အနှောင့်အယှက် မဖြစ်ရအောင် ငါပြောခဲ့ပြီ၊ မင်းမိတ်ဆွေ သင်္ဂဟတွေကိုလည်း မင်း ဒီရွာမှာ မပျော်ပိုက်သေးလို့ သွားတဲ့အကြောင်း ငါပြောပြပါ့မယ်၊ သူတို့ ပြောင်လည်းပြောင်ပါစေပေါ့၊ တို့တစ်တွေ သူများတံတွေးခွက်ထဲ မျောရတာထက် အများကြီး ကောင်းပါသေးတယ်…၊ ကဲ…နက်ဖြန် မင်း သွားမယ် မဟုတ်လား"

"သွားပါမယ်…မေမေ"

သားအမိနှစ်ယောက်တို့သည် တိတ်ဆိတ်ငြိမ်သက်စွာနှင့် ထွက်ခွာလာကြသည်။ ကျောက်ဆောင်အနီးမှ မခွာခင် မိခင်ဖြစ်သူက သားအား ချစ်ခင်ယုယစွာနှင့် နဖူးပြင်ကို နမ်းလေသည်။

BURMESE CLASSIC .com

အရဏ်ကျင်း၍ အလင်းရောင် ပေါ်လုချိန်၌ တံငါသည်များသည် သဲသောင်ပေါ်မှ လှေများကိုချ၍ ပင်လယ်ကို ထွက်ရန် ပြင်ဆင်နေကြလေသည်။

"ပင်လယ်ထွက်ကြတော့မလို့လား အစ်ကိုကြီး" မောင်မြဒင်က မောင်မြဖေအား မေးလိုက်သည်။

"အေးကွဲ… ရေလည်း အတော်တက်လာပြီ၊ စောစောစီးစီး အလုပ်ပြီးသွားတော့လည်း ညက အိပ်ပျက်ခံထားတာတွေ နေ့လယ် အတိုးနဲ့ အိပ်နိုင်နားနိုင်တာပေါ့ကွဲ့"

"ဒါဖြင့်… အစ်ကိုကြီး… အစ်ကိုကြီးလှေ ကျွန်တော့်ကို ခဏပေးစမ်းပါ… ကျွန်တော်လည်း တစ်ခါတလေ ဟိုငယ်ငယ်တုန်းကလို ပင်လယ်ထွက်ကြည့်ချင်တယ်… ကိုယ့်အစွမ်းအစနဲ့ ဘယ်လောက်များ ငါးရမလဲလို့… အစ်ကိုကြီးက ဒီပြင်လှေတစ်စင်းကိုပဲ ခဏငှားယူတော့"

"နေပါဦး… မင်း တစ်ယောက်တည်း လှေကို ထိန်းနိုင်ပါ့မလား"

"နိုင်ပါတယ် အစ်ကိုကြီးရယ်၊ ကျွန်တော် မကြောက်ပါဘူး။ အစ်ကိုကြီးတို့တစ်သက်လုံး ပင်လယ်ထွက်နေတာလောက်ကို ကျွန်တော် ဘယ်အထိလိုက်နိုင်သလဲဆိုတာ သိရတာပေါ့ အစ်ကိုကြီးရဲ့"

အနီးရှိ တံငါသည်များမှာ မောင်မြဒင်အား ကြည့်၍ ရယ်မောကြလေသည်။

"မောင်မြဒင်သည် ကြည်မြအား ကြည့်လျက် နှုတ်ဆက်သကဲ့သို့သော အမူအရာကို ပြလေသည်။

မြဒင်သည် မိခင်ကြီးထံကပ်၍ ငယ်ရွယ်စဉ် နေအိမ်မှ ခွဲခွာခါနီးအချိန်၌ ဆုပေးရန် တောင်းဆိုခဲ့သည့် မျက်နှာထားမျိုးဖြင့် ကြည့်လေသည်။ မိခင်ဖြစ်သူကလည်း သား၏အလိုဆန္ဒကို သိသဖြင့် စိတ်ထဲမှပင် ဆုပေးလိုက်သည်။

တံငါသည်များသည် လှေကိုယ်စီနှင့် ပင်လယ်သို့ ထွက်ကြရာ မြဒင်မှာလည်း သူ့အလိုကျ လှေတစ်စင်းထဲတွင် ပဲ့ကိုင်၍ ထွက်သွားလေသည်။ လင်သည်ဖြစ်သူတို့ထံသို့ ထမင်းထုပ်လာပို့သော မိန်းမတစ်စုမှာလည်း လှေများပေါ်မှ တံငါသည်များ သီဆိုသွားသော သီချင်းသံဝေးသွားသည်နှင့် ထိုသီချင်းကို ပြန်ကောက်၍ သီဆိုနေကြသည်။

ကြည်မြသည် သဲသောင်ပြင်မှ ထွက်ခဲ့၍ ရေစပ်ရှိ ကျောက်တုံးတစ်ခုပေါ်တွင် ထိုင်လေသည်။ ဒေါ်ဖွားသီမှာလည်း ကျောက်တုံးအနီးတွင် လာရပ်သည်။ နှစ်ယောက်စလုံး စကားမပြောကြဘဲ မျက်ရည်အသွယ်သွယ်ကျဆင်းကာ ငိုနေကြသည်။

နတ်ပင့်ပွဲရှိ မီးပုံများမှ မီးတောက်မီးလျှံများမှာ ဖျော့တော့လာကြပြီ။ အရှေ့ဘက် တောင်ညိုတောင်တန်းမှ ရောင်နီထွက်ပေါ်လာတော့သည်။ ဒေါ်ဖွားသီနှင့် ကြည်မြသည် အိမ်ပြန်ရန် နေရာမှထွက်ခဲ့ကြသည်။ လမ်းလျှောက်လာရင်းက ဝေးကွာသော ပင်လယ်ပြင်နှင်းဆိုင်းထဲမှ လွမ်းဆွတ်ကြေကွဲဖွယ်ရာသော သီချင်းသံကို ကြားရသည်။ ဒေါ်ဖွားသီ၏မျက်နှာမှာ ဖြူရော်ရော်ဖြစ်သွားပြီးလျှင်–

"သမီး… ဒါ မောင်မြဒင် အသံပဲ" ဟု ပြောသည်။

ထိုအသံနှင့် မရှေးမနှောင်းပင် ပျော်ပျော်ရွှင်ရွှင်နှင့် သီဆိုလိုက်သော သီချင်းသံကို ကြားရပြန်ရာ ကြည်မြသည် ဒေါ်ဖွားသီအနီးသို့ ကပ်၍…

"ဒီအသံတော့ ကိုမြဖေအသံပဲ မေမေရဲ့" ဟု ပြုံး၍ ပြောလေသည်။

အလင်းရောင်မှာ ထိုနေရာ၌ ပျံ့နှံ့လျက်ရှိပြီးဖြစ်၍ နတ်ပွဲမှာလည်း သိမ်းဆည်းပြီးစဖြစ်ရာ အချို့ လှေမထွက်သော တံငါများသည် နေရောင်၌ ပိုက်ကွန်များကို လှမ်း

www.burmeseclassic.com

www.burmeseclassic.com



လျက် အချို့မိန်းမများမှာ ပိုက်ကွန်အပေါက်များကို ဖာထေးလျက် ရှိကြလေသည်။ ဒေါ်ဖွားသီနှင့် ကြည်မြတို့သည် အိမ်တွင် ချက်ပြုတ်စီမံဖွယ်ရာများကို ပြုလုပ်ပြီး၍ တံခါးဝသို့ ထွက်လာကြပြီးလျှင် အိမ်ရှေ့မှ ဖြတ်သွားသူ အသိမိတ်ဆွေများကို စကားပြောဆို နှုတ်ဆက်နေလေသည်။ ထို့နောက် ကြည်မြသည် ပင်လယ်ဘက်သို့ မျှော်ကြည့်လိုက်ရာက တစ်စုံတစ်ခုကို ထူးခြားစွာမြင်လိုက်ရသကဲ့သို့ အော်လိုက်၏။

"ဟို…မှာ ကိုမြဒင် ပြန်လာပါပကော"

လှေကလေးသည် ကမ်းသို့ တစ်စတစ်စ ကပ်လာရာ လှေထဲတွင် မည်သူမျှမပါဘဲ ဒီရေလှိုင်းများ ပုတ်သဖြင့် တစ်စတစ်စ ကမ်းသို့ ရောက်လာကြောင်းကို သိရလေသည်။ တစ်ခါတစ်ခါ၌ လှေကလေးမှာ ပင်လယ်ဘက်သို့ ပြန်၍ ထွက်သွားပြီးလျှင် ကမ်းသို့ဝင်လာသော လှိုင်းများကို စီး၍ ဝင်လာပြန်၏။

ဒေါ်ဖွားသီ၊ ကြည်မြနှင့်တကွ ယောကျ်ားမိန်းမအချို့သည် ရေစပ်သို့ ပြေးဆင်းကြလေသည်။ မရှေးမနှောင်း၌ပင် ရွက်ဖွင့်၍တံငါလှေတစ်စင်းလည်း ကမ်းသို့ ပြန်ဝင်လာသည်။ နောက်ဝင်လာသောတံငါလှေကလေးမှ တံငါသည်အချို့သည် အဝတ်ဖြင့်ဖုံးအုပ်ထားသော မြဒင်၏ အလောင်းကို ယူလာကြသည်။ မြဒင်၏အလောင်းမှာ ပိုက်ကွန်ထဲ၌ ပါလာသဖြင့် ချက်ချင်း ကမ်းသို့ကပ်လာကြခြင်း ဖြစ်သည်။ ဒေါ်ဖွားသီသည် မြဒင်အလောင်းပေါ်သို့ ကိုယ်ကိုပစ်လှဲ၍ ငိုလေသည်။ ကြည်မြမှာလည်း ဣန္ဒြေမဆည်နိုင်ဘဲ မျက်ရည်များ ကျလာတော့သည်။

"တောင်ညိုနတ်မင်းများ ကျွန်တော်မျိုးမသားအပေါ်မှာ ခွင့်လွှတ်တော်မူကြပါ။ ကျွန်တော်မျိုးမအတွက်နဲ့ သားကလေး သေရပါပြီ။ သူ ရှာလာတဲ့ငွေဟာလည်း သူ့မသာစရိတ်အတွက်ပဲ ဖြစ်နေပါပြီ။ သားရယ်… အမေ့ ပယောဂမကင်းလို့ အမေ အသည်းနာလှချည့်ရဲ့"ဟု ဒေါ်ဖွားသီသည် ငိုရင်းနှင့် တတွတ်တွတ် ပြောနေတော့သည်။

ဝေးလံသော ပင်လယ်ပြင်မှ ရွှင်လန်းစွာ သီချင်းဆိုနေသော မောင်မြဖေ၏ အသံကို ကြားကြရလေသတည်း။

BURMESE CLASSIC .com

❖

www.burmeseclassic.com